## (၃၀.၁၀.၂၀၂၀) မှ (၅.၁၁.၂၀၂၀) အထိရွှေနှင့်အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် Covid-19 ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ကမ္ဘာ့ရွှေဈေး အပြောင်းအလဲများကြောင့် ပြည်တွင်းရွှေဈေးကွက်တွင်လည်း အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရပါသည်။ ကမ္ဘာ့ရွှေဈေးသည်အောက်တိုဘာ ၂၈ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၀၆ ဒေါ်လာပေါက်ဈေးရှိခဲ့ပြီး နိုဝင်ဘာ ၂ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၈၄ ဒေါ်လာသို့ ကျဆင်းလာခဲ့ကာနိုဝင်ဘာ ၄ ရက်တွင် ၁၉၀၂ ဒေါ်လာနှင့် နိုဝင်ဘာ ၅ ရက်တွင် ၁၉၀၄ ဒေါ်လာ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပါသည်။

ပြည်တွင်းရွှေဈေးသည် အောက်တိုဘာ ၂၈ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ၁၃၁၃၀၀၀ ကျပ်ဖြစ်ပေါ်ခဲ့ပြီး နိုဝင်ဘာ ၂ ရက်တွင်၁၃၁၂၀၀၀ကျပ် ဖြစ်ပေါ်ခဲ့ကာနိုဝင်ဘာ၅ ရက်တွင် ၁၃၁၆၀၀၀ကျပ်ပေါက်ဈေး ဖြစ်ပေါ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရှိရပါသည်။ ရွှေဈေးသည် ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်း အခြေအနေများပေါ်တွင် များစွာ မူတည်လျက် ရှိကြောင်း သိရှိရပါသည်။

၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာ ၅ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေး အခြေအနေတို့ကို တစ်ဖက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | ကျပ် | ဒေါ်လာ |
| ၁ | ၁.၁၀.၂၀၂၀ | ၁၃၁၀၅၀၀ | ၁၈၈၅ |
| ၂ | ၂.၁၀.၂၀၂၀ | ၁၃၁၃၀၀၀ | ၁၉၁၀ |
| ၃ | ၆.၁၀.၂၀၂၀ | ၁၃၁၆၅၀၀ | ၁၉၁၃ |
| ၄ | ၇.၁၀.၂၀၂၀ | ၁၃၀၇၅၀၀ | ၁၈၈၂ |
| ၅ | ၈.၁၀.၂၀၂၀ | ၁၃၁၀၀၀၀ | ၁၈၉၂ |
| ၆ | ၉.၁၀.၂၀၂၀ | ၁၃၀၉၀၀၀ | ၁၉၁၃ |
| ၇ | ၁၀.၁၀.၂၀၂၀ | ၁၃၁၁၀၀၀ | ၁၉၃၀ |
| ၈ | ၁၂.၁၀.၂၀၂၀ | ၁၃၁၀၀၀၀ | ၁၉၂၈ |
| ၉ | ၁၃.၁၀.၂၀၂၀ | ၁၃၁၁၀၀၀ | ၁၉၁၇ |
| ၁၀ | ၁၄.၁၀.၂၀၂၀ | ၁၃၁၁၀၀၀ | ၁၈၉၇ |
| ၁၁ | ၁၅.၁၀.၂၀၂၀ | ၁၃၁၂၀၀၀ | ၁၈၉၈ |
| ၁၂ | ၁၆.၁၀.၂၀၂၀ | ၁၃၁၃၀၀၀ | ၁၉၀၉ |
| ၁၃ | ၁၇.၁၀.၂၀၂၀ | ၁၃၁၁၀၀၀ | ၁၉၀၀ |
| ၁၄ | ၁၉.၁၀.၂၀၂၀ | ၁၃၁၂၀၀၀ | ၁၉၀၁ |
| ၁၅ | ၂၀.၁၀.၂၀၂၀ | ၁၃၁၃၀၀၀ | ၁၉၀၁ |
| ၁၆ | ၂၁.၁၀.၂၀၂၀ | ၁၃၁၈၀၀၀ | ၁၉၂၀ |
| ၁၇ | ၂၂.၁၀.၂၀၂၀ | ၁၃၁၅၀၀၀ | ၁၉၁၆ |
| ၁၈ | ၂၃.၁၀.၂၀၂၀ | ၁၃၁၃၀၀၀ | ၁၉၀၂ |
| ၁၉ | ၂၆.၁၀.၂၀၂၀ | ၁၃၁၂၅၀၀ | ၁၈၉၉ |
| ၂၀ | ၂၇.၁၀.၂၀၂၀ | ၁၃၁၆၀၀၀ | ၁၉၀၈ |
| ၂၁ | ၂၈.၁၀.၂၀၂၀ | ၁၃၁၃၀၀၀ | ၁၉၀၆ |
| ၂၂ | ၂.၁၁.၂၀၂၀ | ၁၃၁၂၀၀၀ | ၁၈၉၄ |
| ၂၃ | ၃.၁၁.၂၀၂၀ | ၁၃၁၃၀၀၀ | ၁၈၉၆ |
| ၂၄ | ၄.၁၁.၂၀၂၀ | ၁၃၁၁၀၀၀ | ၁၉၀၂ |
| ၂၅ | ၅.၁၁.၂၀၂၀ | ၁၃၁၆၀၀၀ | ၁၉၀၄ |

Source: estimate of world's exchange rate and gold price page

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth 6.80 % ၊ Annual Rate of Inflation 6.43 %၊ Year on Year Inflation 1.84 % ရှိသည်ကို လေ့လာသိရှိရပါသည်။

ပြည်တွင်းငွေကြေးဈေးကွက်အတွင်း အမေရိကန်ဒေါ်လာ ရောင်းလိုအား များပြားလျက်ရှိခြင်းကြောင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းမှာ တစ်ဒေါ်လာလျှင် ၁၃၀၀ အောက်သို့ ကျဆင်းလျက်ရှိပြီး အမေရိကန်ဒေါ်လာဈေး ကျဆင်းလာမှုကြောင့် နိုင်ငံခြားငွေနှင့် မြန်မာကျပ်ငွေ လဲလှယ်နှုန်း ကျဆင်းလာ၍ နိုင်ငံ၏ အဓိက နိုင်ငံခြားငွေ ရှာဖွေနေသော ပို့ကုန်ဝင်ငွေများ ထိခိုက်လာနေကြောင်း ပို့ကုန်လုပ်ငန်းရှင်များက ပြောကြားကြသည်ကို သိရှိရပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်းသည် အောက်တိုဘာ ၂၈ ရက်တွင် အမေရိကန် တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၁၂၈၇ ဒသမ ၄၀ ကျပ်၊ နိုဝင်ဘာ ၃ ရက် တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၂၈၄ ဒသမ ၆၀ ကျပ်၊ နိုဝင်ဘာ ၄ ရက်တွင် အမေရိကန်

တစ်ဒေါ်လာလျှင် ၁၂၈၆ ဒသမ ၂၀ကျပ်နှင့် နိုဝင်ဘာ ၅ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၂၉၁ ဒသမ ၉၀ ကျပ် ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေမှုကာလတွင် အမေရိကန် ဒေါ်လာဈေး ကျဆင်းလာခြင်း၊ တစ်ဖက်တွင်လည်း ပို့ကုန်ဈေးကွက် လမ်းကြောင်းများ အချို့နေရာများတွင် တင်ပို့၍ မရသည့် အခြေအနေ ဖြစ်ပေါ်နေခြင်းများကြောင့် ဒေါ်လာဈေးကျဆင်းမှုသည် ပို့ကုန်သမားများအတွက် ထိခိုက်နစ်နာလာကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ ဒုတိယဥက္ကဋ္ဌ ဦးနှင်းဦးက ပြောကြားခဲ့သည်ကို သိရှိရပါသည်။ မိမိတို့နိုင်ငံသည် ပို့ကုန်တင်ပို့နိုင်မှုကို အဓိက အားထားရသည့် နိုင်ငံဖြစ်သည့်အတွက် ဒေါ်လာဈေးကျဆင်းမှုကြောင့် ပို့ကုန်ဝင်ငွေ ပမာဏထိခိုက်မှုသည် လက်ရှိတွင် သိသာထင်ရှားမှု မရှိသေးသော်လည်း အချိန်ကြာလာသည်နှင့်အမျှ သိသာလာမည်ဖြစ်ကြောင်း ပို့ကုန်လုပ်ငန်းရှင်များက သုံးသပ်ကြသည်ကို သိရှိရပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှုကြောင့် ကမ္ဘာတစ်ဝှမ်း စီးပွားရေးထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိပြီး လက်ရှိ ပြည်တွင်းနိုင်ငံခြားငွေ လဲလှယ်နှုန်းသည် တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၁၃၀၀ ကျပ် အနေအထားမှ ထပ်မံကျဆင်းနိုင်မည့် အနေအထားတွင် ရောက်ရှိနေကြောင်း ငွေကြေးဈေးကွက် လေ့လာသုံးသပ်သူများက ပြောကြားကြသည်ကို သိရှိရပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပြည်တွင်းငွေကြေးဈေးကွက် တည်ငြိမ်စေရန်အတွက် ပြင်ပဈေးကွက်မှ ဈေးပြိုင်လေလံစနစ်ဖြင့် ဝယ်ယူထိန်းညှိပေးလျက်ရှိသော်လည်း အမေရိကန် ဒေါ်လာ တန်ဖိုးကျဆင်းမှုသည် နိုင်ငံတကာ အတိုင်းအတာနှင့် ကြုံတွေ့နေရသည့် ပြဿနာဖြစ်ခြင်း၊ တကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ ဖြစ်ပွားနေသည့် စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရခြင်းကြောင့် အစိုးရအနေဖြင့် ငွေကြေးတည်ငြိမ်စေရေး အဓိကထား ဆောင်ရွက်လျက်ရှိသော်လည်း အမေရိကန်ဒေါ်လာ ရည်ညွှန်းငွေလဲနှုန်းသည် တစ်ဒေါ်လာလျှင် ၁၃၀၀ ကျပ်အောက်သို့ ကျဆင်းလျက် ရှိသည်ကို တွေ့ရှိရပါသည်။

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၃ ရက်မှ ၅ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်း များကို အောက်ပါ ဇယား ဖြင့် ဖော်ပြအပ်ပါသည်-


**တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား**

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၃-၁၁-၂၀၂၀ | ၄-၁၁-၂၀၂၀ | ၅-၁၁-၂၀၂၀ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၂၈၄.၆ | ၁၂၈၆.၂ | ၁၂၉၁.၉ | ၀.၅၇ | ↑ |
| ၂ | Thai Baht | THB | ၃၁.၀၆၅ | ၃၁.၁၅၅ | ၃၁.၀၀၅ | -၀.၁၉ | ↓ |
| ၃ | Singapore Dollar | SGD | ၁.၃၆၂ | ၁.၃၆၆ | ၁.၃၅၆ | -၀.၄၄ | ↓ |
| ၄ | Malaysian Ringgit | MYR | ၄.၁၅၅ | ၄.၁၆၇ | ၄.၁၅၃ | -၀.၀၅ | ↓ |
| ၅ | Indonesian Rupiah | IDR | ၁၄၅၈၄ | ၁၄၅၆၅ | ၁၄၃၈၀ | -၁.၄၀ | ↓ |
| ၆ | Chinese Yuan | CNY | ၆.၆၂၉ | ၆.၇၁၇ | ၆.၆၄၀ | ၀.၁၇ | ↑ |
| ၇ | Indian Rupee | INR | ၇၄.၄၁၈ | ၇၄.၇၇၉ | ၇၄.၃၅၀ | -၀.၀၉ | ↓ |
| ၈ | Japanese Yen | JPY | ၁၀၄.၅၆၇ | ၁၀၄.၉၆၁ | ၁၀၄.၃၂၀ | -၀.၂၄ | ↓ |
| ၉ | Australian Dollar | AUD | ၁.၄၀၉ | ၁.၄၁၃ | ၁.၃၈၉ | -၁.၄၂ | ↓ |
| ၁၀ | Euro | EUR | ၀.၈၅၆ | ၀.၈၅၇ | ၀.၈၅၀ | -၀.၇၀ | ↓ |
| ၁၁ | Pound Sterling | GBP | ၀.၇၇၁ | ၀.၇၇၄ | ၀.၈၅၀ | ၁၀.၂၅ | ↑ |

Source- Central Bank of Myanmar

ယခုတစ်ပတ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ နိုဝင်ဘာ ၃ ရက်တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၂၈၄ ဒသမ ၆ ကျပ်ရှိခဲ့ရာမှ နိုဝင်ဘာ ၅ ရက်တွင် တစ်ဒေါ်လာလျှင် ၁၂၉၁ ဒသမ ၉ ကျပ်ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း ၁၀ ဒသမ ၅၇ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁ ရက် မှ နိုဝင်ဘာ ၅ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေ လဲလှယ်နှုန်း တန်ဖိုးများအား တစ်ဖက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်ကို လေ့လာရာတွင် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ ၂၈ ရက်တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၃၀၄ ကျပ်၊ နိုဝင်ဘာ ၃ ရက်တွင် တစ်ဒေါ်လာလျှင် ၁၃၀၃ ကျပ်၊ နိုဝင်ဘာ ၄ ရက်တွင် တစ်ဒေါ်လာလျှင် ၁၃၀၅ ကျပ်နှင့် နိုဝင်ဘာ ၅ ရက်တွင် တစ်ဒေါ်လာလျှင် ၁၃၀၄ ကျပ် အသီးသီးပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာ သိရှိရပါသည်။

ကေသွယ်(တန့်ဆည်မြေ)